# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၇ ခုနှစ်

# ဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ

စာအမှတ်
ရက်စွဲ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ၂၀၀၇ ခုနှစ်

## ဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ

# မာတိကာ

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## ဥပဒေများ


၁။ ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၇) ... ၁

၂။ ၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၀၇) ... ၁၃

၃။ ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၃/၂၀၀၇) ... ၁၉

၄။ ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၀၇) ... ၂၉

၅။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅ /၂၀၀၇) ... ၅၃

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | ပြည်ပဆိပ်ကမ်းများ အက်ဥပဒေ (အမှတ် ၂/၁၉၁၄) ကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၇) ... | ၉၁ |
| ၇။ | ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၀၇) ... | ၉၅ |

မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

# အမိန့်များ


၁။ နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ခေတ္တပူးတွဲထမ်းဆောင်စေခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁/၂၀၀၇) ... ၉၉

၂။ ဒုတိယတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၂/၂၀၀၇) ... ၁၀၃

၃။ မြေယာစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၃/၂၀၀၇) ... ၁၀၇

၄။ အစိုးရအဖွဲ့ဝင် ဝန်ကြီးခန့်အပ် တာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၄/၂၀၀၇) ... ၁၁၁

၅။ ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၅/၂၀၀၇) ... ၁၁၅

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၆/၂၀၀၇) ... | ၁၁၉ |
| ၇။ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၇/၂၀၀၇) ... | ၁၂၃ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ကြေညာချက်များ


၁။ နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် ၁/၂၀၀၇) ... ၁၃၁

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး
ကော်မရှင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် ၂ /၂၀၀၇) ... ၁၃၅

၃။ နိုင်ငံတော်ဝန်ကြီးချုပ်ခန့်အပ်တာဝန်ပေးခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် ၃/၂၀၀၇) ... ၁၅၁

၄။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) ခန့်အပ်တာဝန်ပေးခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် ၄/၂၀၀၇) ... ၁၅၅

# ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၁ / ၂၀၀၇)

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင် ပါရှိသော **"home-trade ship"** ဆိုသည့်စကားရပ်များကို **"near coastal voyage ship"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" (3) **near coastal voyage ship** means a ship employed in trading between any ports in the Union of Myanmar or between any port in the Union of Myanmar and any port or place in India or Pakistan or in the Straits Settlements, or in the Island of Sri-Lanka or countries as stated in the notification published by the Department of Marine Administration with the approval of the Ministry of Transport; "

၄။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင် -

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၇-ည၊ ပုဒ်မ ၈၄၊ ပုဒ်မ ၁၄၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၄၅-က၊ ပုဒ်မ ၁၉၁၊ ပုဒ်မ ၂၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၂၁၆-က၊ ပုဒ်မ ၂၁၉၊ ပုဒ်မ ၂၂၄-ဂ၊ ပုဒ်မ ၂၂၄-ဃ၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၂၄၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၂၄၅-ည၊ ပုဒ်မ ၂၄၅-ထ၊ ပုဒ်မ ၂၇၀ နှင့် ပုဒ်မ ၂၉၄-က တို့၌ ပါရှိသော **"Chairman of the State Peace and Development Council may"** ဆိုသည့် စကားရပ်များကို **"Ministry of Transport may, with the approval of the Government"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုး ရမည်။

(ခ) အထက် ပုဒ်မခွဲ (က) ၌ ဖော်ပြထားသော ပုဒ်မများမှအပ ကျန်ပုဒ်မများတွင် ပါရှိသော **"Chairman of the State Peace and Development Council"** ဆိုသည့် စကားရပ်များကို **"Ministry of Transport"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင် –

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(iii) to give to all persons desirous of apprenticing boys to the sea service and duly authorized so to do by the rules relating to the apprentices made under this Act, and also to owners and masters of Myanmar flagged ships requiring apprentices, such assistance as may be in their power for facilitating the making of such apprenticeships ;"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"Grades of certificates of competency.

(1) Certificates of competency shall be granted in accordance with this Act for each of the following grades, namely : -

| | | |
|---|---|---|
| Master (foreign-going) | - | Deck Officer Class I. |
| First mate (foreign-going) | - | Deck Officer Class II. |
| Second mate (foreign-going) | - | Deck Officer Class III. |
| Master (Near Coastal Voyage) | - | Deck Officer Class IV. |
| Mate (Near Coastal Voyage) | - | Deck Officer Class V. |
| First class engineer | - | Marine Engineer Officer Class I. |
| Second class engineer | - | Marine Engineer Officer Class II. |
| Third class engineer | - | Marine Engineer Officer Class III. |
| First class engineer (Near Coastal Voyage) | - | Marine Engineer Officer Class IV. |
| Second class engineer (Near Coastal Voyage) | - | Marine Engineer Officer Class V. |
| Engine driver | - | ..... ..... ....." |

(ဂ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော **"as master or mate"** ဆိုသည့် စကားရပ်ကို **"as master, mate or engineer"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဿ) ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"Equivalent certificate for naval officers.

17.(1) A naval officer who has attained the rank of lieutenant in the Myanmar Navy may be issued with an equivalent certificate to serve as master or first mate of a sea going vessel.

(2) A naval officer who has attained the rank of engineer or assistant engineer in the Myanmar Navy may be issued an equivalent certificate to serve as first class engineer or second class engineer of a sea going vessel.

(3) The equivalent certificate shall differ in form from a certificate of competency, and shall contain the name and rank of the person to whom it is delivered.

(4) The provisions of this Act including the penal provisions shall apply in the case of an equivalent certificate as they apply in the case of a certificate of competency.

(5) The Ministry of Transport may, with the approval of the Government make rules relating to the issue of the equivalent certificate for naval officers.”

(င) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော “ **every home-trade ship of more than three hundred tons burden** ” ဆိုသည့် စကားရပ်ကို “ **every near coastal voyage ship of more than five hundred gross tonnage** ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(1) Any boy not under sixteen years of age may be bound as an apprentice in the sea service to the owner of any ship registered in the Union of Myanmar to be employed in any such ship, being the property of such person, and while so employed to be taught the craft and duty of a seaman, and the provisions of the rules relating to apprentices made under this Act shall, subject to the provisions of this Act, apply accordingly.”

(ဆ) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (၁) ၌ ပါရှိသော "**except home-trade ships of a burden not exceeding three hundred tons**" ဆိုသည့် စကားရပ်ကို "**except near coastal voyage ships of gross tonnage not exceeding five hundred**" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၃၇–ခ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"Employment of children. 37-B. No young person under sixteen years of age shall be engaged or carried to sea to work in any capacity in any ship registered in the Union of Myanmar, and no young seaman under sixteen years of age shall be engaged or carried to sea to work in any capacity in any foreign ship, except : -

(a) in a school-ship, or training-ship, in accordance with the prescribed conditions ; or

(b) in a ship in which all persons employed are members of one family ; or

(c) in a near coastal voyage ship of gross tonnage not exceeding five hundred ; or

(d) where such young person is to be employed on nominal wages and will be in the charge of his father or other adult near male relative."

(ဈ) ပုဒ်မ ၂၅၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(b) if the master, mate or engineer holds a certificate under any of the Merchant Shipping Acts, in the following cases : -

(i) where the incompetency or misconduct has occurred on a Myanmar flagged ship on or near the coasts of the Union of Myanmar, or on board a Myanmar flagged ship in the course of a voyage to a port outside of Myanmar waters ;

(ii) where the incompetency or misconduct has occurred on board a ship registered in the Union of Myanmar ;

(iii) where the master, mate or engineer of a ship, who is charged with incompetency or misconduct on board that ship, is found in the Union of Myanmar ; "

(ည) ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(a) if, on any investigation made under the Merchant Shipping Acts, or on any investigation made by any Court or tribunal for the time being authorized by the legislative authority in the Union of Myanmar to make inquiry into charges of incompetency or misconduct on the part of masters, mates or engineers of ships, or as to shipwrecks or other casualties affecting ships, the Court or tribunal reports that the master, mate or engineer is incompetent or has been guilty of any gross act or misconduct, drunkenness or tyranny, or that the loss, stranding or abandonment of, or damage to, any ship, or loss of life has been caused by his wrongful act or default ;

(b) if he is proved to have been convicted of any offence which, if committed in the Union of Myanmar, would be non-bailable."

၆။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင် –

(က) ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၄ နှင့် ပုဒ်မ ၂၂၄–က တို့၌ ပါရှိသော ငွေပမာဏများကို **"kyats 10,000"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၄၀၊ ၇၁၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ပုဒ်မ ၁၁၆၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၄–ခ၊ ၂၂၉၊ ၂၄၅–ဏ၊ ၂၄၅–တ၊ ၂၇၄ နှင့် ၂၈၄ တို့၌ ပါရှိသော ငွေပမာဏများကို **"kyats 100,000"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မ ၂၂၄–ဒ ၌ ပါရှိသော ငွေပမာဏကို **" kyats 500,000"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၂/၂၀၀၇)

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**၁။** ဤဥပဒေကို ၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

**၂။** အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ (က) အစိုးရဌာနများသည် မိမိတို့လက်ဝယ်ရှိ မှတ်တမ်းများကို ၁၂ နှစ်ပြည့်မြောက်ပြီး ဆက်လက်သုံးစွဲခြင်းမပြုပါက ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။ ၁၂ နှစ်မပြည့်မြောက်စေကာမူ ဦးစီးဌာနသို့ လွှဲပြောင်းပေးလိုက လွှဲပြောင်းပေးနိုင်သည်။

(ခ) ဦးစီးဌာနသည် အစိုးရဌာနများ၏ ၁၂ နှစ်ပြည့်မြောက်ပြီး မှတ်တမ်းများကို ဝင်ရောက်စစ်ဆေး၍ ဆက်လက်သုံးစွဲခြင်းမပြုတော့ကြောင်း တွေ့ရှိရသည့် မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို လွှဲပြောင်းရယူရမည်။

(ဂ) အစိုးရဌာနများသည် ၁၂ နှစ်ပြည့်မြောက်ပြီးဖြစ်သော်လည်း ဆက်လက်သုံးစွဲနေသည့် မှတ်တမ်းများအနက် ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို ဦးစီးဌာနက စစ်ဆေးညွှန်ကြားသည့်အတိုင်း ထိန်းသိမ်းထားရှိပြီး သုံးစွဲခြင်းမပြုတော့သည့်အချိန်တွင် ယင်းမှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဃ) ဦးစီးဌာနသည် ယင်းသို့ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို မိတ္တူကူးယူနိုင်သည်"

၃။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဦးစီးဌာနရှိ မှတ်တမ်းများနှင့် မော်ကွန်းများ လုံခြုံစွာမပျက်မစီး ထိန်းသိမ်းထားနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ ဦးစီးဌာနသို့ ပေးပို့ရမည့်မှတ်တမ်းများ ရရှိရေးအတွက် အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) အစိုးရဌာနများက ပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့အရ လွှဲပြောင်းပေးသော မှတ်တမ်းများကို လက်ခံရယူခြင်း၊

(ဃ) အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများက တည်ထောင်ထားသော မော်ကွန်းတိုက်များရှိ မော်ကွန်း စဉ် စာရင်းများအား ပြုစု၍ ဦးစီးဌာနတွင် ထိန်းသိမ်း ထားရှိခြင်း၊

(င) ဝန်ကြီးနှင့် ကြီးကြပ်ရေးအဖွဲ့က ပေးအပ်သော တာဝန် များကို ဆောင်ရွက်ခြင်း။"

၄။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"၁၄။ မည်သူမျှ မော်ကွန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပျက်ပြယ်စေခြင်း မပြုရ။"

၅။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၈ တွင် ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ် တစ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ
# (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၃/၂၀၀၇)

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်

(၂၀၀၇ ခုနှစ်၊ မတ်လ ၂၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၀၆-၂၀၀၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း (၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့ များနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး

သည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၀၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၀၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း (၃)
## ငွေချေးယူခြင်း

၄။ ၂၀၀၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်းသုံးသိန်း တိုးမြှင့်လျာထားလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်

ဇယား (၁)

| အမှတ်စဉ် | ၂၀၀၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများထွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | ၀,၃၇၃,၁၇၇,၀၀၀ | ... | ... | ၁၅၅,၅၄၇,၀၀၀ | | | | |
| ၂ | ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၅,၉၉၅,၀၀၀ | ... | ... | ... | | | | |
| ၃ | ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၃၆၄၉,၀၀၀ | ... | ... | ၃၂၁၇၀၂၉၄၆,၀၀၀ | | | | |
| ၄ | ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၀၆၇၈၅,၀၀၀ | ... | ... | ၃၃,၅၉၀,၀၀၀ | | | | |
| ၅ | ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၁,၃၂၈,၅၄၇,၀၀၀ | ... | ... | ၃၃,၅၉၀,၀၀၀ | | | | |
| ၆ | ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၆၇၀,၇၈၃,၀၀၀ | ... | ... | ... | | | | |
| | | ပေါင်း ... | | ၇,၄၇၈,၉၃၂,၀၀၀ | ... | ... | ၃၂၁၉၂၅၆၇၃,၀၀၀ | | | | |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | ၂၀၀၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၁၅,၂၄၅,၀၀၀ | ... | ၉၀၀,၀၀၀ | ၁,၂၃၆,၂၉၆၀ | | | | |
| ၂ | ၂ | ကာကွယ်ရေး | ယင်း | ၁၂၄,၄၄၅,၃၄၀,၀၀၀ | ... | ... | ၁၅,၈၄၆,၂၁၁,၀၀၀ | | | | |
| ၃ | ၄ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ယင်း | ၁,၃၃၇,၈၀၈,၄၉၀ | ... | ၂၀,၂၉၁၈,၀၀၀ | ၂,၃၉၀,၂၉၇,၁၀၀ | | | | |
| ၄ | ၅ | ပြည်ထဲရေး | ယင်း | ၂၆,၁၄၄,၆၅၀,၂၀၀ | ... | ... | ၁၀၀,၄၉၀,၀၀၀ | | | | |
| ၅ | ၆ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ယင်း | ၂၄၇,၂၈၁၈,၀၀၀ | ... | ... | ၂၀,၂၆,၂၄၆၀ | | | | |
| ၆ | ၇ | သာသနာရေး | ယင်း | ၆၈၇,၉၃၄,၀၀၀ | ... | ... | ၁,၄၄၇,၂၂၀ | | | | |
| ၇ | ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ယင်း | ၁,၃၀၁,၀၈၉,၀၀၀ | ... | ၄၅,၁၆၀,၀၀၀ | ... | | | | |
| ၈ | ၉ | ပြန်ကြားရေး | ယင်း | ၁,၆၅၆,၃၀၄,၀၀၀ | ... | ... | ... | | | | |
| ၉ | ၁၀ | ယဉ်ကျေးမှု | ယင်း | ၉၄၁,၉၃၈,၀၀၀ | ... | ... | ၃၁၉၅၀,၀၀၀ | | | | |
| ၁၀ | ၁၁ | ပညာရေး | ယင်း | ၉၇,၅၀၆,၅၉၂,၀၀၀ | ... | ... | ... | | | | |
| ၁၁ | ၁၂ | ကျန်းမာရေး | ယင်း | ၂၀,၄၈၀,၃၇၅,၀၀၀ | ... | ... | ... | | | | |
| ၁၂ | ၁၃ | အားကစား | ယင်း | ၉၇၆,၈၄၇,၀၀၀ | ... | ... | ... | | | | |
| ၁၃ | ၁၄ | အလုပ်သမား | ယင်း | ၅၀၆,၂၉၈,၀၀၀ | ... | ... | ... | | | | |
| ၁၄ | ၁၅ | သစ်တောရေးရာ | ယင်း | ၄,၂၇၃,၄၂၅,၀၀၀ | ... | ... | ၁,၁၁၁,၆၅၇,၀၀၀ | | | | |
| ၁၅ | ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ယင်း | ၁၄,၈၂၇,၄၃၃,၀၀၀ | ... | ... | ... | | | | |
| ၁၆ | ၁၇ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ယင်း | ၁,၉၉၃,၇၅၉,၀၀၀ | ... | ... | ... | | | | |
| ၁၇ | ၁၈ | သတ္တုတွင်း | ယင်း | ၄၁၇,၁၁၇,၀၀၀ | ... | ... | ... | | | | |
| ၁၈ | ၁၉ | အမှတ် (၁) စက်မှု | ယင်း | ၅၂၄,၇၆၂,၀၀၀ | ... | ... | ... | | | | |
| ၁၉ | ၂၀ | အမှတ် (၂) စက်မှု | ယင်း | ၁၇၄,၂၂၀,၀၀၀ | ... | ... | ... | | | | |
| ၂၀ | ၂၁ | သိပ္ပံနှင့် နည်းပညာ | ယင်း | ၅,၃၀၇,၂၀၄,၀၀၀ | ... | ... | ... | | | | |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | ၂၀၀၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၂၁ | ၂၂ | စွမ်းအင် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၂,၃၉၉,၀၀၀ | ... | ... | ... | | | | |
| ၂၂ | ၂၃ | အမှတ် (၁) လျှပ်စစ်စွမ်းအား | ၎င်း | ၁,၀၄၈,၂၆၁,၀၀၀ | ... | ... | ၃၆,၈၃၆,၀၅၄,၀၀၀ | | | | |
| ၂၃ | | အမှတ် (၂) လျှပ်စစ်စွမ်းအား | ၎င်း | ၄၄,၀၂၈,၀၀၀ | ... | ... | ... | | | | |
| ၂၄ | ၂၄ | ဆောက်လုပ်ရေး | ၎င်း | ၉,၇၅၆,၃၃၆,၀၀၀ | ... | ... | ၃,၀၈၃,၄၀၂,၀၀၀ | | | | |
| ၂၅ | ၂၅ | ပို့ဆောင်ရေး | ၎င်း | ၁,၉၇၅,၂၁၅,၀၀၀ | ... | ... | ၂၅,၂၆၁,၀၆၀ | | | | |
| ၂၆ | ၂၆ | ရထားပို့ဆောင်ရေး | ၎င်း | ၈၄၇,၆၀၅,၀၀၀ | ... | ... | ... | | | | |
| ၂၇ | ၂၇ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ၎င်း | ၄၆,၃၀၆,၀၀၀ | ... | ... | ... | | | | |
| ၂၈ | ၂၈ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၅၄၁,၁၅၄,၀၀၀ | ... | ... | ... | | | | |
| ၂၉ | ၂၉ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၁၀၆,၄၀၅,၀၀၀ | ... | ... | ... | | | | |
| ၃၀ | ၃၀ | သမဝါယမ | ၎င်း | ၂၉၅၄,၈၂၈,၅၀၀ | ... | ... | ... | | | | |
| ၃၁ | ၃၁ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၁,၇၉၀,၀၅၅,၀၀၀ | ... | ... | ... | | | | |
| ၃၂ | ၃၂ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၂၅၄၃,၃၁၃,၀၀၀ | ... | ... | ... | | | | |
| | | ပေါင်း ... | | ၃၂၈,၁၂၇,၀၅၆,၁၉၀ | ... | ၂၄၈,၉၇၈,၀၀၀ | ၅၉,၄၅၉,၁၉၄,၈၀၀ | | | | |

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)

| အမှတ်စဉ် | ၂၀၀၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇၉,၂၄၀,၄၆၄,၆၀၀ | ... | ... | ၃၀,၉၄၅,၈၇၅,၄၈၀ | | | | |
| | | ပေါင်း ... | | ၁၇၉,၂၄၀,၄၆၄,၆၀၀ | ... | ... | ၃၀,၉၄၅,၈၇၅,၄၈၀ | | | | |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | ၂၀၀၆ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၇,၅၇၈,၀၀၀ | | | | | | | |
| | | ပေါင်း ... | | ၇၇,၅၇၈,၀၀၀ | | | | | | | |

# ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၄ / ၂၀၀၇)

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်
(၂၀၀၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ၂၀၀၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း (၁)
### ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေ များအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေ တို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေ များထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့က စိစစ် သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များ အတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၇-၂၀၀၈ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)
## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် –

(၁) ကြိုတင် မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်း ကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ် လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စ ရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၇။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီး

ဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ နိုင်ငံတော်၏နောက်ထပ် ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ် တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၃)
## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍

အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင် သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်ပမှငွေချေးယူနိုင်သည်။

၁၁။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် အစိုးရဌာန တစ်ခုခုအား ပြည်ပမှငွေချေးယူခွင့်ပြုနိုင်သည်။

၁၂။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံး ကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်း နိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၃။ ၂၀၀၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၀၈ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေး စာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့်ငွေ စုစုပေါင်းသည် ကျပ်သန်း ခြောက်သိန်း ပမာဏထက် မပိုစေရ။

## အပိုင်း ၃
## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၄။ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း ၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၅။ (က) နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံ ခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြား ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ရမည်။

၁၆။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်း များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင် သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်း များက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ် ပေးနိုင်သည်။

## အပိုင်း ၄
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၁၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၈။ (က) တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ (က) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ

ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များ နှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၃။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အခွန်အစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၅
## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂၄။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များအား ငွေချေးခြင်း၊ အထောက်အပံ့ပေးခြင်း ပြုနိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား (၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂၄,၂၀၀,၀၀၀ | | | | | | | |
| ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁,၂၀၀,၀၀၀ | | | | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၆,၀၀၀,၀၀၀ | | ၁၅၀,၀၀၀ | | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၉၀၀,၀၀၀,၀၀၀ | | | | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | | | ၁၉,၀၀၀,၀၀၀ | | | | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၂၅,၀၀၀,၀၀၀ | | ၁,၀၀၀ | | | | | |
| | ပေါင်း ... | | | | ၉၈၅,၄၀၀,၀၀၀ | | ၁၅၁,၀၀၀ | | | | | |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား (၂)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃,၅၃၇,၆၂၈,၀၀၀ | | ၅,၀၀၀,၀၀၀ | ၁,၉၆၉,၃၃၀,၆၄၀ | | | | |
| ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၂,၀၀၀,၀၀၀ | | | ၁၀,၀၀၀,၀၀၀ | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၀၀,၀၀၀,၀၀၀ | | | ၂၀၀,၀၉၄,၇၄၈,၅၀၀ | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၃,၁၁၁,၁၀၀,၀၀၀ | | | ၃၂၈,၈၀၅,၀၀၀ | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၁,၈၇၇,၀၀၀,၀၀၀ | | | ၁၇၃,၃၉၁,၅၀၀ | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန် ပေးသူ | ၃,၆၄၅,၀၀၀,၀၀၀ | | | ၈၂၉,၀၀၀,၀၀၀ | | | | |
| | ပေါင်း ... | | ၁၂,၇၃၂,၇၂၈,၀၀၀ | | ၅,၀၀၀,၀၀၀ | ၂၀၃,၄၀၅,၂၇၅,၆၄၀ | | | | |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၇၁,၂၁၅,၇၈၅,၀၀၀ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၄,၇၄၃,၈၆၈,၀၀၀ | | | | | | | | | |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၂၅၀,၅၁၂,၆၂၉,၀၀၀ | | | | | | | | | |
| | ၃ | သွင်းကုန်အတွက် လိုင်စင်ခများ | | ၄၅၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၄ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | | ၈,၇၇၁,၄၀၈,၀၀၀ | | | | | | | | | |
| | ၅ | သယ်ယူပို့ဆောင်ရေးအခွန် | | ၁,၆၂၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၆ | တံဆိပ်ခေါင်းရောင်းရငွေများ | | ၅,၁၁၇,၈၈၀,၀၀၀ | | | | | | | | | |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၂၃၅,၅၉၈,၀၈၃,၀၀၀ | | | | | | | | | |
| | ၁ | ဝင်ငွေခွန် | | ၁၅၅,၃၃၁,၈၉၂,၀၀၀ | | | | | | | | | |
| | ၂ | အမြတ်ခွန် | | ၈၀,၂၆၆,၁၉၁,၀၀၀ | | | | | | | | | |
| ၃ | | အကောက်ခွန် | ၎င်း | ၁၅,၀၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၁ | အကောက်ခွန် | | ၁၅,၀၀၀,၀၀၀,၀၀၀ | | | | | | | | | |
| ၄ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၇,၈၃၀,၆၈၄,၀၀၀ | | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၉၃,၆၁၂,၀၀၀ | | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၂၆,၈၈၅,၀၀၀ | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၄,၂၈၉,၇၀၀,၀၀၀ | | | | | | | | | |
| | ၄ | ဓာတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၂၀,၁၈၇,၀၀၀ | | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၃,၄၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၆ | ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသည့်အခွန် | | ၃၀၀,၀၀၀ | | | | | | | | | |
| ၅ | | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ၎င်း | | ၅၀၁,၄၇၈,၆၁၅,၀၀၀ | | | | | | | | |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၈,၂၀၀,၀၀၀ | | | | | | | |
| ၇ | ကာကွယ်ရေး | ၎င်း | | | ၁၈,၁၀၈,၉၈၀,၀၀၀ | | | | | | | |
| ၈ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | | | ၉၄,၇၁၂,၂၀၀ | | | | | | | |
| ၉ | ပြည်ထဲရေး | ၎င်း | | | ၁,၀၈၆,၅၂၅,၀၀၀ | | | | | | | |
| ၁၀ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | | | ၆၁၈,၅၆၀,၀၀၀ | | | | | | | |
| ၁၁ | သာသနာရေး | ၎င်း | | | ၅၁,၂၁၅,၀၀၀ | | | | | | | |
| ၁၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | | | ၁၀၆,၄၂၀,၀၀၀ | | | | | | | |
| ၁၃ | ပြန်ကြားရေး | ၎င်း | | | ၇၇၂,၀၀၄,၀၀၀ | | | | | | | |
| ၁၄ | ယဉ်ကျေးမှု | ၎င်း | | | ၇၀,၄၆၇,၀၀၀ | | | | | | | |
| ၁၅ | ပညာရေး | ၎င်း | | | ၅,၄၈၇,၀၃၈,၀၀၀ | | | ၅၆,၃၅၃,၀၀၀ | | | | |
| ၁၆ | ကျန်းမာရေး | ၎င်း | | | ၄,၆၆၇,၂၅၄,၁၉၀ | | ၁,၂၀၀,၀၀၀ | ၉၁,၄၆၆,၀၀၀ | | | | |
| ၁၇ | အားကစား | ၎င်း | | | ၁၂၅,၀၁၅,၀၀၀ | | ၅၀,၀၀၀ | | | | | |
| ၁၈ | အလုပ်သမား | ၎င်း | | | ၇၁,၀၀၅,၂၀၀ | | | | | | | |
| ၁၉ | သစ်တောရေးရာ | ၎င်း | | | ၇၁၀,၀၀၀,၀၀၀ | | | ၁,၀၈၀,၀၀၀ | | | ၂၂,၀၀၀,၀၀၀ | |
| ၂၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၈,၇၃၅,၄၂၅,၀၀၀ | | ၅၀,၈၅၀,၀၀၀ | | | | | |
| ၂၁ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | | | ၇၅၄,၈၀၀,၀၀၀ | | | | | | | |
| ၂၂ | သတ္တုတွင်း | ၎င်း | | | ၁၃၃,၇၀၀,၀၀၀ | | ၁၀၀,၀၀၀ | | | | | |
| ၂၃ | အမှတ် (၁) စက်မှု | ၎င်း | | | ၅၂၈,၅၈၃,၃၀၀ | | | | | | | |
| ၂၄ | အမှတ် (၂) စက်မှု | ၎င်း | | | ၃၈၀,၀၀၀ | | | | | | | |
| ၂၅ | သိပ္ပံနှင့် နည်းပညာ | ၎င်း | | | ၉၅၁,၉၅၈,၀၀၀ | | | ၅၀၀,၀၀၀ | | | | |
| ၂၆ | စွမ်းအင် | ၎င်း | | | ၁၀၀,၀၀၀ | | | | | ၅၂,၁၄၂,၀၀၀ | | |
| ၂၇ | အမှတ် (၁) လျှပ်စစ်စွမ်းအား | ၎င်း | | | ၁၀,၀၀၄,၅၀၀ | | | | | | | |
| ၂၈ | အမှတ် (၂) လျှပ်စစ်စွမ်းအား | ၎င်း | | | - | | | | | | | |
| ၂၉ | ဆောက်လုပ်ရေး | ၎င်း | | | ၅,၆၃၂,၀၀၀,၀၀၀ | | ၁၀,၀၀၀,၀၀၀ | | | | | |
| ၃၀ | ပို့ဆောင်ရေး | ၎င်း | | | ၁,၀၁၆,၀၃၆,၀၀၀ | | | | | | | |
| ၃၁ | ရထားပို့ဆောင်ရေး | ၎င်း | | | ၁,၆၉၀,၅၃၂,၀၀၀ | | | | | | | |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၃) အဆုံး

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၃၂ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ရင်း | | | ၃၀၀,၀၀၀,၀၀၀ | | | | | | | |
| ၃၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁,၇၂၃,၄၄၆,၄၀၀ | | | | | | | |
| ၃၄ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ရင်း | | | ၂၁၄,၇၈၅,၀၀၀ | | | | | | | |
| ၃၅ | သမဝါယမ | ရင်း | | | ၂၀၂,၄၃၆,၆၀၀ | | | ၆,၅၁၁,၀၀၀ | | | | |
| ၃၆ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ရင်း | | | ၅၃၅,၆၈၃,၆၅၀ | | ၂၅၀,၄၀၀,၀၀၀ | | | | | |
| ၃၇ | ဘဏ္ဍာရေးနှင့် အခွန် | ရင်း | | | ၅,၀၃၃,၁၇၄,၁၀၀ | ၁၄,၈၁၀,၀၀၀ | | | ၅၈,၀၁၉,၀၀၀ | | | |
| ၃၈ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ရင်း | | | ၅၀၅,၀၀၀ | | | | | | | |
| | ပေါင်း . . . | | ၅၂၉၆၄၄,၅၅၂,၀၀၀ | ၅၀၁,၄၇၈,၆၀၅,၀၀၀ | ၅၉,၄၄၀,၉၄၅,၁၄၀ | ၁၄,၈၁၀,၀၀၀ | ၃၁၂,၆၀၀,၀၀၀ | ၁၅၅,၉၁၀,၀၀၀ | ၅၈,၀၁၉,၀၀၀ | ၅၂၁၀၄,၂၀၀၀ | ၂၂,၀၀၀,၀၀၀ | |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၄)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့်ရန်ပုံငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၄၄,၀၃၈,၀၀၀ | --- | ၈,၃၆၂,၀၀၀ | ၃၇၁,၄၈၃,၄၂၀ | | | | | |
| ၂ | ကာကွယ်ရေး | ၎င်း | ၂၅၆,၃၆၈,၅၇၅,၃၀၀ | --- | --- | ၉၅,၇၆၄,၉၂၀,၀၀၀ | | | | | |
| ၃ | တပ်မတော်ရေးရာ | ၎င်း | --- | --- | --- | --- | | | | | |
| ၄ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | ၅,၄၁၁,၅၀၉,၀၀၀ | --- | ၅,၃၀၁,၄၉၁,၀၀၀ | ၁၆,၈၁၆,၃၆၂,၈၃၀ | | | | | |
| ၅ | ပြည်ထဲရေး | ၎င်း | ၄၅,၃၂၈,၉၇၅,၀၀၀ | --- | ၁၂၄,၇၇၀ | ၂,၀၀၀,၀၀၁,၀၇၀ | | | | | |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | ၄,၃၆၀,၉၀၀,၀၀၀ | --- | --- | ၂၄၉,၉၃၆,၀၀၀ | | | | | |
| ၇ | သာသနာရေး | ၎င်း | ၂,၁၁၁,၅၂၀,၀၀၀ | --- | ၁၀၀,၃၇၉,၆၀၀ | ၁၃၀,၁၃၇,၆၀၀ | | | | | |
| ၈ | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | ၂,၆၉၅,၀၀၀,၀၀၀ | --- | ၇၁,၄၅၀,၀၀၀ | ၂၆၉၉၉၉၉၉၉၀ | | | | | |
| ၉ | ပြန်ကြားရေး | ၎င်း | ၃,၅၂၂,၀၀၀,၀၀၀ | --- | --- | ၇,၇၆၇,၉၉၀,၉၂၀ | | | | | |
| ၁၀ | ယဉ်ကျေးမှု | ၎င်း | ၁,၈၃၇,၈၄၁,၉၄၀ | --- | ၅၈,၀၆၀ | ၂,၂၅၁,၇၆၅,၈၀၀ | | | | | |
| ၁၁ | ပညာရေး | ၎င်း | ၁၅၁,၇၇၂,၂၅၈,၀၀၀ | --- | --- | ၁၇,၃၆၄,၇၈၅,၆၂၀ | | | | | |
| ၁၂ | ကျန်းမာရေး | ၎င်း | ၃၄,၂၈၂,၀၀၀,၀၀၀ | --- | ၃,၃၂၁,၀၀၀ | ၉၉၀၀,၀၀၀,၀၅၀ | | | | | |
| ၁၃ | အားကစား | ၎င်း | ၂,၃၇၅,၂၀၀,၀၀၀ | --- | ၂၁,၄၀၀,၀၀၀ | ၁,၂၀၇,၀၀၀,၂၅၀ | | | | | |
| ၁၄ | အလုပ်သမား | ၎င်း | ၈၄၀,၀၆၃,၀၀၀ | --- | ၁၈၇,၀၀၀ | ၁၃၉,၅၈၈,၅၀၀ | | | | | |
| ၁၅ | သစ်တောရေးရာ | ၎င်း | ၁၀,၅၀၄,၃၃၆,၆၀၀ | --- | ၆၄၅,၄၀၀ | ၃,၇၁၁,၀၈၈,၀၀၀ | | | | | |
| ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၎င်း | ၄၉,၀၈၁,၄၁၁,၀၀၀ | --- | ၄၁၃,၀၀၀ | ၆၉,၆၂၃,၈၅၈,၈၃၀ | | | | | |
| ၁၇ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၃,၈၄၀,၃၄၆,၀၀၀ | --- | ၄၇၄,၀၀၀ | ၁,၉၀၈,၆၅၁,၈၉၀ | | | | | |
| ၁၈ | သတ္တုတွင်း | ၎င်း | ၁,၀၄၁,၀၀၀,၀၀၀ | --- | --- | ၁၃၅,၃၃၀,၀၀၀ | | | | | |
| ၁၉ | အမှတ် (၁) စက်မှု | ၎င်း | ၈၇၅,၀၂၈,၈၀၀ | --- | --- | ၁၃၂၆၄၇,၀၀၀ | | | | | |
| ၂၀ | အမှတ် (၂) စက်မှု | ၎င်း | ၄၀၉,၃၀၀,၀၀၀ | --- | --- | ၈၅,၆၆၀,၀၅၀ | | | | | |
| ၂၀ | သိပ္ပံနှင့် နည်းပညာ | ၎င်း | ၈,၉၄၉,၈၀၀,၀၀၀ | --- | ၂၀၀,၀၀၀ | ၂၅၉၅၁,၀၀၀,၀၇၀ | | | | | |
| ၂၂ | စွမ်းအင် | ၎င်း | ၁၈၇,၀၀၀,၀၀၀ | --- | --- | ၂,၈၀၀,၀၀၀ | | | | | |
| ၂၃ | အမှတ် (၁) လျှပ်စစ်စွမ်းအား | ၎င်း | ၅,၆၉၉,၀၀၀,၀၀၀ | ၈၀၀,၀၀၀ | --- | ၆၆,၃၇၂၂၈၄၈,၀၀၀ | | | | | |
| ၂၄ | အမှတ် (၂) လျှပ်စစ်စွမ်းအား | ၎င်း | ၁၁၄,၀၀၀,၀၀၀ | --- | --- | ၂၃,၀၀၀,၀၀၀ | | | | | |
| ၂၅ | ဆောက်လုပ်ရေး | ၎င်း | ၁၆,၃၄၇,၅၀၀,၀၀၀ | --- | --- | ၈၄,၁၇၇,၁၀၀,၈၄၀ | | | | | |
| ၂၆ | ပို့ဆောင်ရေး | ၎င်း | ၄,၃၀၇,၂၁၀,၀၀၀ | ၄,၄၀၅,၂၅၀ | ၈၇၀,၀၀၀ | ၃၅,၀၂၆,၃၅၁,၆၀၀ | | ၁၀၅,၀၀၀,၀၀၀ | | | |

# ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ



| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့်ရန်ပုံငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၂၇ | ရထားပို့ဆောင်ရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၆၅၂,၀၀၀,၀၀၀ | --- | --- | ၇၆၂,၈၇၅,၁၁၀ | | | | | |
| ၂၈ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ၎င်း | ၁၂၂,၇၀၀,၀၀၀ | --- | ၁,၃၀၀,၀၀၀ | ၂၉၉၇၀,၀၀၀ | | | | | |
| ၂၉ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁,၂၂၂,၀၀၇,၀၀၀ | --- | ၃၂၀,၀၀၀ | ၂၀၃,၄၃၉,၅၀၀ | | | | | |
| ၃၀ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၁၈၇,၅၇၉,၀၀၀ | --- | ၆၀,၀၀၀ | ၄၅,၅၁၁,၁၀၀ | | | | | |
| ၃၁ | သမဝါယမ | ၎င်း | ၄,၃၇၈,၂၆၈,၀၀၀ | --- | ၂,၃၆၆,၂၂၀ | ၂၀၅,၄၁၈,၉၇၀ | | | | | |
| ၃၂ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄,၂၉၆,၃၀၀,၀၀၀ | --- | --- | ၂,၅၇၈,၉၈၀,၇၂၀ | | | | | |
| ၃၃ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၆,၄၀၆,၇၅၅,၀၀၀ | ၁၁၃,၁၄၈,၅၈၇,၀၀၀ | ၁၈၀,၀၀၀ | ၁,၃၀၁,၉၈၃,၉၇၀ | | ၂၇၇,၈၃၉,၀၀၀ | ၁၇,၅၀၀,၀၀၀ | ၃၀,၀၀၀ | |
| ၃၄ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၆,၀၃၃,၂၃၅,၀၀၀ | | | | | | | | |
| ၃၅ | ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၁၅,၀၀၁,၅၀၀,၀၀၀ | | | | | | | | |
| ၃၆ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရရှိသော ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသောတာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ | | | | | | | | | ၁၀၀,၀၀၀,၀၀၀ |
| | ပေါင်း --- | | ၆၅၂၅၆၆၁၅၆၆၄၀ | ၁၁၃,၁၅၇,၈၀၂,၂၅၀ | ၅,၅၁၄,၀၀၂,၀၅၀ | ၄၄၈၉၄၂၄၈၇၇၀၀ | --- | ၃၈၂,၈၃၉,၀၀၀ | ၁၇,၅၀၀,၀၀၀ | ၃၀,၀၀၀ | ၁၀၀,၀၀၀,၀၀၀ |

# နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၀၈၄,၆၀၉,၃၈၉,၀၀၀ | | ၄,၃၂၅,၀၀၀ | | | ၁,၀၆၅,၈၃၄,၀၀၀ | |
| | ပေါင်း . . . | | | | ၂၀၈၄,၆၀၉,၃၈၉,၀၀၀ | | ၄,၃၂၅,၀၀၀ | | | ၁,၀၆၅,၈၃၄,၀၀၀ | |

# နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၂,၀၇၁,၄၂၁,၀၉၀,၀၀၀ | | | ၂၂၆,၇၇၈,၁၇၁,၀၀၀ | | ၆၇၀,၃၉၆,၀၀၀ | | |
| | ပေါင်း . . . | | ၂,၀၇၁,၄၂၁,၀၉၀,၀၀၀ | | | ၂၂၆,၇၇၈,၁၇၁,၀၀၀ | | ၆၇၀,၃၉၆,၀၀၀ | | |

# တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၇)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၂၅၃,၂၃၃,၇၀၀ | | | | | | | |
| | ပေါင်း . . . | | | | ၂၅၃,၂၃၃,၇၀၀ | | | | | | | |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၈)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၃၄,၃၅၂,၀၀၀ | | | ၅၄,၀၅၀,၀၀၀ | | | | |
| | ပေါင်း . . . | | ၂၃၄,၃၅၂,၀၀၀ | | | ၅၄,၀၅၀,၀၀၀ | | | | |

# ဓူဝွလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
## အမှတ် ၅ /၂၀၀၇)

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) ကျန်းမာရေးလုပ်ငန်း ဆိုသည်မှာ ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာနှင့် အပြုအမူကို မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေးပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းများ အပါအဝင် ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုပညာဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ခ) ကျန်းမာရေးစောင့်ရှောက်မှု ဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ကျန်းမာမှု အဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေး ပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းများ အပါအဝင် ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုပညာဆိုင်ရာ ဆောင်ရွက်မှုများကို ဆိုသည်။

(ဂ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဆိုသည်မှာ ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက အကျိုးအမြတ်ရရှိရန် ရည်ရွယ်၍ဖြစ်စေ၊ အကျိုးအမြတ် ရရှိရန် မရည်ရွယ်ဘဲဖြစ်စေ လုပ်ကိုင်သော ပုဒ်မ ၇ ပါ ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ဃ) ပုဂ္ဂလိကဆေးခန်း ဆိုသည်မှာ ပြင်ပလူနာများအတွက် ကျန်းမာရေးလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့် အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော ဆေးခန်းကို ဆိုသည်။

(င) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထွေထွေ ဆေးကုသခွင့်လိုင်စင် ရရှိသူကသော်လည်းကောင်း၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက ထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင် ရရှိသူက သော်လည်းကောင်း သက်ဆိုင်ရာ ပညာရပ်ဖြင့် ကုသမှုပေးသော ပုဂ္ဂလိကဆေးခန်းကို ဆိုသည်။

(စ) ပုဂ္ဂလိက အထူးကုဆေးခန်း ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော အထူးဆေးကုသခွင့် လိုင်စင် ရရှိသူကသော်လည်းကောင်း၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက အထူးဆေးကုသခွင့်အတွက် ထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူကသော်လည်းကောင်း သက်ဆိုင်ရာ ပညာရပ်ဖြင့် ကုသမှုပေးသော ပုဂ္ဂလိကဆေးခန်းကို ဆိုသည်။

(ဆ) ပုဂ္ဂလိကဆေးရုံ ဆိုသည်မှာ ပြင်ပလူနာနှင့် အတွင်းလူနာများအတွက် ကျန်းမာရေးလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော ဆေးရုံကို ဆိုသည်။

(ဇ) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးရုံ ဆိုသည်မှာ အထွေထွေရောဂါများကို ပြုစုကုသမှုပေးရန် အလို့ငှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင် သို့မဟုတ် အထူးဆေးကုသခွင့် လိုင်စင်ရရှိသူကသော်လည်းကောင်း၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက အထွေထွေဆေးကုသခွင့်အတွက်ဖြစ်စေ၊ အထူးဆေးကုသခွင့်အတွက်ဖြစ်စေ ထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူကသော်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသော ပုဂ္ဂလိကဆေးရုံကို ဆိုသည်။

(ဈ) ပုဂ္ဂလိကအထူးကုဆေးရုံ ဆိုသည်မှာ ဆေးပညာဘာသာရပ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ဆေးပညာဘာသာရပ်များဖြင့်ဖြစ်စေ အထူးပြုစုကုသမှုပေးရန် အလို့ငှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထူးဆေးကုသခွင့် လိုင်စင်ရရှိသူက သော်လည်းကောင်း၊ သွားနှင့် ခံတွင်း

ဆိုင်ရာ ဆေးကောင်စီက အထူးဆေးကုသခွင့်အတွက် ထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူက သော်လည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေး သော ပုဂ္ဂလိကဆေးရုံကို ဆိုသည်။

(ည) ပုဂ္ဂလိကသားဖွားခန်း ဆိုသည်မှာ ကိုယ်ဝန်ဆောင်မိခင်များ ကို လက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ သာမန် မွေးဖွားပေးခြင်း၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးအချိန်များတွင် ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းများကို ပုဂ္ဂလိက လုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ် များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော သားဖွားခန်း ကို ဆိုသည်။

(ဋ) ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း ဆိုသည်မှာ ကျန်းမာရေး စစ်ဆေးခြင်း၊ ရောဂါရှာဖွေ ဖော်ထုတ်ခြင်း သို့မဟုတ် ရောဂါ ကုသခြင်းအတွက် အထောက်အကူပြုသော ရောဂါရှာဖွေရေး ဓာတ်ခွဲလုပ်ငန်း၊ ဓာတ်မှန်ဘက်ဆိုင်ရာ ရောဂါရှာဖွေရေး လုပ်ငန်းနှင့် အခြားရောဂါရှာဖွေရေးလုပ်ငန်း တစ်ရပ်ရပ်ကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်း ကို ဆိုသည်။

(ဌ) ပုဂ္ဂလိကသူနာပြုစုရေးဂေဟာ ဆိုသည်မှာ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသူ၊ ကျန်းမာရေး ပြန်လည်ထူထောင်ပေးမှု ခံယူသူနှင့် သက်ကြီးရွယ်အိုများအား လက်ခံ၍ သူနာပြုစုစောင့်ရှောက်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော နေရာဌာနကို ဆိုသည်။

(ဍ) ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေးလုပ်ငန်း ဆိုသည်မှာ ကျန်းမာရေး စောင့်ရှောက်မှု ပေးသူက လှည့်လည်၍ ကျန်းမာရေး စောင့်ရှောက်မှု တစ်ရပ်ရပ်ကို ပုဂ္ဂလိက လုပ်ငန်း အဖြစ် ဆောင်ရွက်သော ကျန်းမာရေး လုပ်ငန်းကို ဆိုသည်။

(ဎ) ပုဂ္ဂလိကကျန်းမာရေး အကျိုးဆောင်လုပ်ငန်း ဆိုသည်မှာ လူနာပို့ဆောင်ခြင်း သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ရန် အလို့ငှာ ပြည်တွင်းပြည်ပ ဆက်သွယ်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေး လုပ်ငန်းကို ဆိုသည်။

(ဏ) ပုဂ္ဂလိကအထွေထွေ ကျန်းမာရေးလုပ်ငန်း ဆိုသည်မှာ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ရပ်ရပ်၏ ကျန်းမာရေးနှင့် စပ်လျဉ်း၍ လျှပ်စစ်၊ အပူ၊ အလင်းရောင်၊ ဓာတ်တစ်မျိုးမျိုး သို့မဟုတ် အခြားနည်းတစ်မျိုးမျိုးဖြင့် ကိရိယာတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲ

ဖြစ်စေ ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေး လုပ်ငန်းကို ဆိုသည်။

(တ) နည်းပညာကျွမ်းကျင်သူ ဆိုသည်မှာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ ခွင့်ပြုချက် အရဖြစ်စေ ကျန်းမာရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သော သင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနကလည်း အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီ ရရှိသူလည်း ပါဝင်သည်။

(ထ) တာဝန်ခံပုဂ္ဂိုလ် ဆိုသည်မှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို တည်ထောင်သူ၊ ကြီးကြပ်အုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲမှု တာဝန်ကို တာဝန်ခံဆောင်ရွက်သူကို ဆိုသည်။

(ဒ) ကျန်းမာရေး စောင့်ရှောက်မှုပေးသူ ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဖြစ်စေ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက ထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကိုဖြစ်စေ၊ သူနာပြုနှင့် သားဖွားကောင်စီက

ထုတ်ပေးသော သူနာပြု သို့မဟုတ် သားဖွားလိုင်စင်ကိုဖြစ်စေ ရရှိသူနှင့် နည်းပညာကျွမ်းကျင်သူများကို ဆိုသည်။

(ဓ) ဗဟိုအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို ဆိုသည်။

(န) ကြီးကြပ်ရေးကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) နိုင်ငံတော်၏ ကျန်းမာရေး မူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊

(ခ) အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှု စနစ်တွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက အစိတ်အပိုင်း တစ်ရပ်အဖြစ် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဂ) ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်စေရန်၊

(ဃ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်းအားဖြင့် ပြည်သူများက မိမိတို့၏ ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရန်၊

(င) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများက ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေး မြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်။

## အခန်း (၃)
## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

**၄။** အစိုးရအဖွဲ့သည် –

(က) ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲနှင့် ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ၂၁ ဦးထက်မများသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များ အနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်ကို တွဲဖက်အတွင်းရေးမှူး အဖြစ် သတ်မှတ်တာဝန် ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ လမ်းညွှန်ခြင်း၊

(ခ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအတွက် သတ်မှတ်ထားသော စံချိန် စံညွှန်းများနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူများက အကောင် အထည်ဖော် ဆောင်ရွက်စေရန် လမ်းညွှန်ခြင်း၊

(ဂ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊ ပုဂ္ဂလိက ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းနှင့် ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် ပြုပြင်ရန်

ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဃ) ပုဂ္ဂလိက ဆေးရုံအမျိုးအစားနှင့် ကုသနိုင်သည့် ရောဂါအမျိုးအစားသတ်မှတ်ခြင်း၊

(င) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(စ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အထူးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် လိုအပ်သော အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဇ) ခေတ်အလျောက် တိုးတက်လာသော ဆေးပညာနှင့် နည်းစနစ်များကို လိုက်နာကျင့်သုံး ဆောင်ရွက်ရန် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအား ညွှန်ကြားခြင်း၊

(ဈ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများအတွက် လိုအပ်သော အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ည) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဋ) ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်က တင်ပြသော ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဌ) မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဍ) ပြည်နယ်၊ တိုင်းကြီးကြပ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဎ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများ၏ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခတို့ကို သတ်မှတ်ခြင်း၊

(ဏ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ တစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၆။ ဗဟိုအဖွဲ့သည် လိုအပ်ပါက မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လုပ်ငန်းကော်မတီအား ဖြစ်စေ၊ ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်အား

ဖြစ်စေ၊ အဖွဲ့အစည်း သို့မဟုတ် ဌာနတစ်ခုခုအား ဖြစ်စေ လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)
## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ

၇။ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်း

(၁) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်း၊

(၂) ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်း၊

(ခ) ပုဂ္ဂလိက ဆေးရုံလုပ်ငန်း

(၁) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးရုံလုပ်ငန်း၊

(၂) ပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်း၊

(ဂ) ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း၊

(ဃ) ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း၊

(င) ပုဂ္ဂလိက သူနာပြုစုရေးဂေဟာလုပ်ငန်း၊

(စ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊

(ဆ) ပုဂ္ဂလိက ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း၊

(ဇ) ပုဂ္ဂလိက အထွေထွေကျန်းမာရေးလုပ်ငန်း။

## အခန်း ( ၆ )
## ပုဂ္ဂလိကဆေးရုံ၏ အင်္ဂါရပ်များ

၈။ ပုဂ္ဂလိက ဆေးရုံသည် အောက်ပါ အင်္ဂါရပ်များနှင့် ညီညွတ်ရမည် -

(က) လုံလောက်သော သီးခြားမြေနေရာ အကျယ်အဝန်းရှိခြင်းနှင့် ခွင့်ပြုထားသောနေရာတွင် တည်ဆောက်ခြင်း၊

(ခ) အဆောက်အအုံ ပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသော စံများနှင့် ညီညွတ်ခြင်း၊

(ဂ) ဆေးရုံအတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) သတ်မှတ်ထားသော ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများဖြင့် ၂၄ နာရီပတ်လုံး တာဝန်ထမ်းဆောင်စေရန် ဆောင်ရွက်ထားခြင်း၊

(င) အရေးပေါ် ပြင်ပလူနာနှင့် အတွင်းလူနာများကို ၂၄ နာရီ ကုသမှုခံယူနိုင်စေရန် ဆောင်ရွက်ထားခြင်း၊

(စ) လူနာများကို အရေးပေါ် အသက်ကယ် ကုသစောင့်ရှောက်မှု ပေးနိုင်ခြင်း၊

(ဆ) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှု ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်း ကိရိယာများ ထားရှိခြင်း၊

(ဇ) သတ်မှတ်ထားသော စံနှင့် ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိခြင်း၊

(ဈ) ဆေးရုံအတန်းအစားနှင့် အမျိုးအစားအလိုက် ရောဂါရှာဖွေရေးအတွက် ဆောင်ရွက်နိုင်ခြင်း၊

(ည) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဋ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဌ) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ဆေးရုံအတန်းအစားနှင့်အမျိုးအစားအလိုက် တာဝန်ခံကြီးကြပ်အုပ်ချုပ်မှုစနစ်ရှိခြင်း၊

(ဎ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ဏ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(တ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ထ) ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ် ကယ်ဆယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဒ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ် ရှိခြင်း၊

(ဓ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံး ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(န) သေဆုံးလူနာများအတွက် သတ်မှတ်ထားသည့် အစီအစဉ် ဆောင်ရွက်ထားခြင်း၊

(ပ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။

## အခန်း (၇)

## ပုဂ္ဂလိကဆေးခန်း၏ အင်္ဂါရပ်များ

၉။ ပုဂ္ဂလိကဆေးခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည် -

(က) သင့်လျော်သော အကျယ်အဝန်းရှိသည့် အဆောက်အအုံ သို့မဟုတ် အခန်းဖြစ်ခြင်း၊

(ခ) အတွင်းလူနာကို လက်ခံခွင့်မရှိဘဲ ပြင်ပလူနာကိုသာ ပြုစုကုသမှုပေးခြင်း၊

(ဂ) ဆေးခန်းအတွင်းအပြင်တို့တွင် သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(င) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊

(စ) ပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ဆ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဇ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဈ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြား လိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။

## အခန်း (၈)
## ပုဂ္ဂလိက သားဖွားခန်း၏ အင်္ဂါရပ်များ

၁၀။ ပုဂ္ဂလိက သားဖွားခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) သီးခြားပရိဝုဏ်နှင့် သီးခြားအဆောက်အအုံရှိခြင်း၊

(ခ) သားဖွားလူနာများနှင့် မွေးကင်းစကလေးများကို ၂၄ နာရီ ပြုစုစောင့်ရှောက်မှု ပေးနိုင်ရန် ဆောင်ရွက်ထားခြင်း၊

(ဂ) သားဖွားခန်း အတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) လူနာများကို အရေးပေါ် အသက်ကယ် ကုသစောင့်ရှောက်မှု ပေးနိုင်ခြင်း၊

(င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှု ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်း ကိရိယာများ ထားရှိခြင်း၊

(စ) သတ်မှတ်ထားသော စံနှင့် ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများထားရှိခြင်း၊

(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဈ) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊

(ည) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ဋ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဌ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဍ) ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ် ကယ်ဆယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဎ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ် ရှိခြင်း၊

(ဏ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံး ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(တ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊

(ထ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း။

## အခန်း (၉)

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် ကြိုတင်ခွင့်ပြုချက်

၁၁။ ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်လိုသူ သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်လိုသူသည် သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် စည်ပင်သာယာရေး အဖွဲ့၏ ထောက်ခံချက်နှင့်အတူ ကြိုတင်ခွင့်ပြုချက်ရရှိရန် အောက်ပါ အချက်များ ဖော်ပြပြီး သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ် ကြီးကြပ်ရေး ကော်မတီသို့ လျှောက်ထားရမည် –

(က) တည်ထောင် ဖွင့်လှစ်မည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၊

(ခ) တည်ထောင် ဖွင့်လှစ်မည့် လုပ်ငန်း၏ တည်နေရာ၊ အကျယ် အဝန်းနှင့် လိပ်စာ၊

(ဂ) တည်နေရာ၏ ပတ်ဝန်းကျင်ရှိ မြေနှင့် အဆောက်အအုံများ၊

(ဃ) အဆောက်အအုံနှင့် အခန်းဖွဲ့စည်းပုံ၊

(င) ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်၊

(စ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြား လိုအပ် သည့်အချက်များ။

၁၂။ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းကို စိစစ်ပြီး ခရိုင်ကြီးကြပ်ရေးကော်မတီသို့ လည်းကောင်း၊

ခရိုင်ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီသို့လည်းကောင်း သဘောထား မှတ်ချက်နှင့်အတူ အဆင့်ဆင့် တင်ပြရမည်။

၁၃။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ –

(က) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားသည့်ကိစ္စ ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း လုပ်ငန်းတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိ အဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့်ကိစ္စ ဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီက တင်ပြသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်

ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း ( ၁၀ )
## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်

၁၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် –

(က) မိမိလုပ်ကိုင်လိုသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းများမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင် လျှောက်ထားခြင်းဖြစ်ပါက ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၄ အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ကို ပူးတွဲ တင်ပြရမည်။

၁၆။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ လိုင်စင်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခရိုင်ကြီးကြပ်ရေးကော်မတီသို့လည်းကောင်း၊ ခရိုင်ကြီးကြပ်ရေး ကော်မတီသည်

ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီသို့လည်းကောင်း သဘောထား မှတ်ချက်နှင့်အတူ အဆင့်ဆင့် တင်ပြရမည်။

၁၇။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေး ကော်မတီသည် –

(က) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထား မှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၈။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေး ကော်မတီက တင်ပြသော လိုင်စင် လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၉။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် –

(က) လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဗဟိုအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ကျန်းမာရေးဆိုင်ရာ အရေးပေါ် လိုအပ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

၂၀။ (က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာမြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်သည် ပုဒ်မခွဲ (က) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် မိမိရရှိသော လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း

သို့မဟုတ် ငှားရမ်းခြင်းပြုလိုပါက သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးပိုင်ခွင့် ရှိသော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

## အခန်း (၁၁)

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း

၂၂။ ဗဟိုအဖွဲ့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် သင့်လျော်သော ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်း မြှင့်တင်ရေး အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၂၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေး အဖွဲ့များသည် ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို စစ်ဆေးပြီး ဗဟိုအဖွဲ့သို့ တင်ပြရမည် -

(က) ကျန်းမာရေး စောင့်ရှောက်မှု ပေးသူဦးရေ၊ ယင်းတို့၏ အရည်အချင်းနှင့် ပစ္စည်းကိရိယာများ ပြည့်စုံခြင်း ရှိ မရှိ၊

(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းတို့က လုပ်ငန်းအသီးသီးအတွက် သတ်မှတ်ထားသည့် ကျင့်စဉ်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ၊

(ဂ) ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေး မြှင့်မားရေးအတွက် အစီအမံများကို သတ်မှတ်ချက်များနှင့် အညီ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ မရှိ၊

(ဃ) သက်ဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ လူနာ၊ အများပြည်သူနှင့် ပတ်ဝန်းကျင်တို့အား ကျန်းမာရေး အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ကူးစက်ရောဂါ မပြန့်ပွားစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ထားခြင်း ရှိ မရှိ၊

(င) ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေး စောင့်ရှောက်မှု ခံယူသူများက ကျေနပ်မှု ရှိ မရှိ၊

(စ) ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၏ လုပ်ငန်းခွင် အခြေအနေနှင့် စပ်လျဉ်း၍ ကျေနပ်ဖွယ် ရှိ မရှိ၊

(ဆ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ။

၂၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေး အဖွဲ့များနှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ရေး အတွက် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးသူတို့အား လိုအပ်သည်များကို ညွှန်ကြားနိုင်သည်။

## အခန်း (၁၂)

## တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများ

၂၅။ တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့၏ တာဝန် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) လူနာ၏ ကျန်းမာရေး လိုအပ်ချက်ကို အဓိကထား၍ ဆောင်ရွက်ခြင်း၊

(ခ) ဗဟိုအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီး ဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ များ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) ခေတ်အလျောက် တိုးတက်လာသော ဆေးပညာနှင့် နည်းစနစ် များကို ဗဟိုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ကျင့်သုံး ဆောင်ရွက်ခြင်း၊

(င) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ် ထားသော ကူးစက်မြန်ရောဂါများနှင့် မှုခင်းဆိုင်ရာ ကိစ္စရပ် များကို ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(စ) လူနာ၏ အကျိုးကိုရှေးရှု၍ လိုအပ်ပါက သက်ဆိုင်ရာ ပညာရှင်၊ ဌာနနှင့် ဆေးရုံများသို့ အချိန်မီ ညွှန်းပို့ခြင်း၊

(ဆ) မည်သည့် အရေးပေါ် လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနှင့် လိုအပ်ပါက ညွှန်းပို့ခြင်း၊

(ဇ) အများပြည်သူအတွက် မျှတသော ဝန်ဆောင်ခဖြင့် အရည်အသွေး မြင့်မားသော ဝန်ဆောင်မှုပေးခြင်း၊

(ဈ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(ည) ကျန်းမာရေး စောင့်ရှောက်မှု ခံယူသူ၏ မကျေနပ်မှုကို ဖြေရှင်းပေးနိုင်ရန် အစီအစဉ်များ ချမှတ်ထားရှိခြင်း၊

(ဋ) ဆေးရုံအရွယ်အစားနှင့် အမျိုးအစားအလိုက် လိုအပ်သော စီမံခန့်ခွဲရေးအဖွဲ့ငယ်၊ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေး အဖွဲ့ငယ်နှင့် အခြားလိုအပ်သော အဖွဲ့ငယ်များကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဌ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက တရားဝင်တောင်းခံလာသည်မှအပ လူနာ၏ ကျန်းမာရေးဆိုင်ရာ အတွင်းရေးကိစ္စကို လျှို့ဝှက်ထိန်းသိမ်းထားရှိခြင်း၊

(ဍ) လူနာများကို အသုံးပြု၍ သုတေသနပြုရန် လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(စ) သတ်မှတ်ထားသော အခွန်အခများကို မှန်ကန်စွာ ပေးဆောင်ခြင်း၊

(ဆ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လုပ်ကိုင်သည့် နေရာတွင် ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရှိဘဲ အခြားလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း။

## အခန်း (၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လိုင်စင်ရရှိသူက ပုဒ်မ ၁၉ ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဤဥပဒေပါ ပြစ်မှု တစ်ခုခုကို ကျူးလွန်သဖြင့် ပြစ်ဒဏ်စီရင်ခြင်း ခံရလျှင်သော်လည်းကောင်း၊ တာဝန်ခံပုဂ္ဂိုလ်က ပုဒ်မ ၂၅ ပါ တာဝန်ဝတ္တရား တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း သက်ဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့နှင့် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီတို့သည် သက်ဆိုင်ရာ လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၇။ ပုဒ်မ ၂၆ အရ အရေးယူဆောင်ရွက်သော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသည် ကျန်းမာရေး စောင့်ရှောက်မှုပေးသူက ပုဒ်မ ၂၅ ပါ တာဝန်ဝတ္တရား တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံဆေးကောင်စီ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် သူနာပြုနှင့် သားဖွားကောင်စီသို့ အကြောင်းကြားရမည်။

အခန်း (၁၄)

အယူခံခြင်း

၂၈။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီက ပုဒ်မ ၂၆ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သော အခြားအမိန့်တစ်ရပ်ရပ်ကို သော်လည်းကောင်း မကျေနပ်သူသည် အဆိုပါ အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

၂၉။ ဗဟိုအဖွဲ့သည် ပုဒ်မ ၂၈ အရ အယူခံမှုတွင် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၃၀။ ဤဥပဒေအရ ချမှတ်သော ဗဟိုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း ( ၁၅ )
## ပြစ်မှုနှင့် ပြစ်ဒဏ်

၃၁။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၂။ မည်သူမဆို ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၃။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက သားဖွားခန်း လုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ် အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၄။ လိုင်စင်ရရှိသူ မည်သူမဆို –

(က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည့် နေရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကိစ္စရပ်မှအပ အခြားလုပ်ငန်းတစ်ရပ်ရပ်ကို ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည့်နေရာတွင် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကိစ္စရပ်ကို ဖောက်ဖျက် ကျူးလွန်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခြင်း ခံရမည်။

၃၅။ လိုင်စင်ရရှိသူ မည်သူမဆို ဤဥပဒေအရ မိမိရရှိသောလိုင်စင်ကို သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူ တစ်ဦးဦးအား လွှဲပြောင်းကြောင်း သို့မဟုတ် ငှားရမ်းကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ၃ နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း ( ၁၆ )
## အထွေထွေ

၃၆။ ကျန်းမာရေးဝန်ကြီးဌာနသည် –

(က) ဗဟိုအဖွဲ့နှင့် ဤဥပဒေအရ ဗဟိုအဖွဲ့က ဖွဲ့စည်းသော အခြား အဖွဲ့အစည်းများ၏ ကုန်ကျစရိတ်ကို ကျခံရမည်။

(ခ) ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့က ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

၃၇။ ဤဥပဒေအာဏာ မတည်မီက ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ခဲ့ပြီးသော ကိုယ်ပိုင်ဆေးကုဂေဟာ ဖွင့်လှစ်သည့် လုပ်ငန်းကို လုပ်ကိုင်သူသည် မိမိ၏ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေအာဏာတည်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ယာယီ လိုင်စင်ကို လျှောက်ထားရမည်။ ထို့ပြင် –

(က) ပုဂ္ဂလိကဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကသားဖွားခန်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေ အရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ် ချက်များကို ပြည့်စုံစွာ ဆောင်ရွက်ပြီး ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှ ၁ နှစ်အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ လိုင်စင်ကို လျှောက်ထားရမည်။

(ခ) ပုဂ္ဂလိကအထူးကုဆေးခန်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး ဤဥပဒေအာဏာတည်သည့်နေ့ရက်မှ ၆ လ အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းများမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာ ဆောင်ရွက်ပြီး ဤဥပဒေ အာဏာတည်သည့်နေ့ရက်မှ ၆ လ အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၃၈။ ဗဟိုအဖွဲ့သည် အများပြည်သူအကျိုးငှာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အား ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ကာလကန့်သတ်ချက်ဖြင့် ကင်းလွတ် ခွင့်ပြုနိုင်သည်။

၃၉။ (က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုပေးသူ၏ ပေါ့လျော့စွာ ဆောင်ရွက်မှုကြောင့် နစ်နာသူသည် မိမိ၏ နစ်နာမှုအတွက် နစ်နာကြေးရရှိရန် သက်ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု

ပေးသူအား တရားမနစ်နာမှုဥပဒေ (Law of Tort) အရ စွဲဆိုနိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုခြင်းခံရသော တာဝန်ခံပုဂ္ဂိုလ်သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သက်ဆိုင်ရာ တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ စီမံခန့်ခွဲရေး နည်းလမ်းဖြင့် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်မရှိစေရ။

၄၀။ ဤဥပဒေ အာဏာ မတည်မီက ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် စပ်လျဉ်း၍ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးဆောင်ရွက်နိုင်သည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းရင်းဆေးပညာကို အသုံးပြု၍ ကုသသော ပုဂ္ဂလိက တိုင်းရင်းဆေးရုံ၊ ပုဂ္ဂလိက တိုင်းရင်းဆေးခန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်

ညွှန်ကြား ချက်များကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ
# (အမှတ် ၂/၁၉၁၄) ကို
# ပြင်ဆင်သည့်ဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ (အမှတ် ၂/၁၉၁၄) ကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၆/၂၀၀၇)

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ (အမှတ် ၂/၁၉၁၄) ကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် —

"**Penalties 8.** Whoever removes, or attempts to remove, or abets the removal of any goods with the intention that the payment of any dues payable under this Act may be evaded, and whoever wilfully commits any breach of any rule made under section 5, shall be punishable with a fine not exceeding Kyats ten thousand."

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေကို
# ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ
# (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
# အမှတ် ၇/၂၀၀၇)

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် —

> "၄။ တရားရုံးချုပ်သည် နေပြည်တော်တွင် ရုံးထိုင်ရမည်။ လိုအပ်ပါက ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားသင့်လျော်ရာ ဒေသတစ်ခုခုတွင်လည်း ရုံးထိုင်နိုင်သည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁ / ၂၀၀၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁/၂၀၀၇)

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၀၇ ခုနှစ်၊ မတ်လ ၅ ရက်)

# နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ခေတ္တပူးတွဲထမ်းဆောင်စေခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ပသို့ သွားရောက်၍ ကျန်းမာရေးစစ်ဆေးနေစဉ် ကာလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ တာဝန်ဝတ္တရားများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ ခေတ္တပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ)သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၂ / ၂၀၀၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၂ / ၂၀၀၇)

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၀၇ ခုနှစ်၊ မတ်လ ၁၂ ရက်)

# ဒုတိယတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဦးထွန်းထွန်းဦးအား ဒုတိယတရားသူကြီးချုပ်အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ)သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၃ / ၂၀၀၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၃ / ၂၀၀၇)

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
(၂၀၀၇ ခုနှစ်၊ မေလ ၃ ရက်)

## မြေယာစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နေပြည်တော် စည်ပင်သာယာရေးကော်မတီအား နေပြည်တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်မြေများ၊ ကော်မတီက တည်ဆဲဥပဒေနှင့်အညီ လွှဲပြောင်းယူထားသောမြေများ၊ ပုဂ္ဂလိကပိုင်မြေများ၏ မြေယာစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို အပ်နှင်းလိုက်ပါသည်။

အမိန့်အရ

(ပုံ)သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၄ / ၂၀၀၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၄/၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

## အစိုးရအဖွဲ့ဝင် ဝန်ကြီးခန့်အပ် တာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဦးအောင်ကြည်အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၅ / ၂၀၀၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၅/၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြထားသော ဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန် ပေးလိုက်သည် —

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်သိန်းဌေး | ကာကွယ်ရေးဝန်ကြီးဌာန |
| (၂) | ဗိုလ်ချုပ်ကျော်စွာခိုင် | အမှတ် (၂) စက်မှုဝန်ကြီးဌာန |
| (၃) | ဗိုလ်ချုပ်သိန်းထွန်း | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန |

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၆ / ၂၀၀၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**(အမိန့်အမှတ် ၆/၂၀၀၇)**

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြထားသော ဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန် ပေးလိုက်သည် —

| | |
|---|---|
| (၁) ဗိုလ်မှူးချုပ်ဝင်းမြင့် | အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၂) ဗိုလ်မှူးချုပ်တင်ထွန်းအောင် | အလုပ်သမားဝန်ကြီးဌာန |

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၇ / ၂၀၀၇)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့် အမှတ် ၇ /၂၀၀၇)

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း

### နိဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ ကြေညာချက်အမှတ် ၂/၂၀၀၇ အရ ဖွဲ့စည်းလိုက်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်။

### အခန်း (၁)
### ဦးတည်ချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အောင်မြင်စွာ ရေးဆွဲနိုင်ရေးကို ဦးတည်သည်။

## အခန်း (၂)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤလုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၃။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော အောက်ပါစကားရပ်များ သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) မူကြမ်းဆိုသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းကို ဆိုသည်၊

(ခ) ကော်မရှင်ဆိုသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဆိုသည်၊

(ဂ) ကော်မတီဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများအရ ကော်မရှင်က ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်၊

(ဃ) အဖွဲ့ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများအရ ကော်မရှင်က ဖွဲ့စည်းထားသော အဖွဲ့များကို ဆိုသည်၊

(င) အဖွဲ့ဝင်ဆိုသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးကော်မရှင်၊ ကော်မတီ သို့မဟုတ် အဖွဲ့ များ၏ အဖွဲ့ဝင်ကို ဆိုသည်။

## အခန်း (၃)
## ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) အမျိုးသားညီလာခံမှတ်တမ်းများအရ ချမှတ်ထားသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများပါ

ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်း မရှိစေသည့် ဥပဒေကြောင်းနှင့် ကိုက်ညီသော အသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲနိုင်ရေးအတွက် လိုအပ်သလို ကော်မတီများ၊ အဖွဲ့များဖွဲ့၍ ဆောင်ရွက်ခြင်း၊

(ဂ) ကော်မတီအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရေးဆွဲဆောင်ရွက်ပြီးသည့်အခါ ကော်မရှင်အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဃ) ကော်မရှင်အစည်းအဝေးများကို အခါအားလျော်စွာ ခေါ်ယူကျင်းပခြင်း၊

(င) ကော်မရှင်အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊

(စ) တည်ဆဲဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လေးစားလိုက်နာခြင်း၊

(ဆ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကော်မရှင်အတွက် ထုတ်ပြန်ထားသည့် အမိန့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဇ) ကော်မရှင်သည် မိမိအား အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပြီးစီးသည့်အခါ အပြီးသတ် အစီရင်ခံစာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်သွင်းခြင်း၊

(ဈ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

# အခန်း (၄)

## အဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) မိမိပါဝင်သည့် ကော်မရှင်၊ ကော်မတီ သို့မဟုတ် အဖွဲ့ အစည်း အဝေးများသို့ မှန်မှန် တက်ရောက်ခြင်း၊

(ခ) ခိုင်လုံသော အကြောင်းတစ်ရပ်ရပ်ကြောင့် ကော်မရှင် အစည်းအဝေးသို့ဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ အစည်း အဝေးသို့ဖြစ်စေ မတက်နိုင်ပါက ကော်မရှင်ဥက္ကဋ္ဌထံ ကြိုတင်ခွင့်ပန်ခြင်း၊

(ဂ) ကော်မရှင်နှင့်ပတ်သက်သော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဃ) အဖွဲ့ဝင်တစ်ဦး၏ သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံနေထိုင် ခြင်း၊

(င) ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊

(စ) ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက ချမှတ်ထား သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ မိမိတင်ပြလိုသော ဆန္ဒသဘောထားနှင့် အကြံပြုချက် များကို ရိုးသားပွင့်လင်းစွာ ဆွေးနွေးတင်ပြခွင့်ရှိခြင်း၊ အကြံ ပြုခွင့်ရှိခြင်း။

## အခန်း (၅)

## အဖွဲ့ဝင်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ

၆။ အဖွဲ့ဝင်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) သတ်မှတ်ထားသော နေထိုင်မှု၊ စားသောက်မှု၊ သွားလာမှု ခံစားခွင့်များ၊ ချီးမြှင့်ငွေနှင့် အခြားစရိတ်များကို ခံစားခွင့် ရှိခြင်း၊

(ခ) အစည်းအဝေး တက်ရောက်နေချိန်တွင်လည်းကောင်း၊ ပေးအပ်သော အခြားတာဝန်များကို အချိန်ပြည့် ထမ်းဆောင်နေချိန်တွင်လည်းကောင်း အဖွဲ့ဝင်ဖြစ်သော ဝန်ထမ်းတစ်ဦးသည် မိမိမူလ တာဝန်ထမ်းဆောင်သော ရုံး သို့မဟုတ် လုပ်ငန်းမှ ရပိုင်ခွင့်ရှိသော လစာ သို့မဟုတ် အခြား အခကြေးငွေများကို ခံစားခွင့်ရှိခြင်း။

၇။ အထက်အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ) ပါ ကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဝန်ထမ်း၏ အစည်းအဝေးတက်နေချိန်နှင့် ပေးအပ်သော အခြားတာဝန် များကို အချိန်ပြည့်ထမ်းဆောင်နေချိန်ကို မူလတာဝန်ထမ်းဆောင်ချိန်ဟု မှတ်ယူရမည်။

## အခန်း (၆)

## အထွေထွေ

၈။ ကော်မရှင်သည် အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းတာဝန် များကို အောင်မြင်စွာ ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အထောက်အကူများကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများထံမှ ရယူ ဆောင်ရွက်နိုင်သည်။

၉။ မည်သူမဆို ကော်မရှင်၊ ကော်မတီ သို့မဟုတ် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သော ဝန်ထမ်းအဖြစ်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ခြင်းဟု မှတ်ယူရမည်။

၁၀။ ကော်မရှင်သည် အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်များကို ပြည်သူ့လွှတ်တော်ရုံး ရန်ပုံငွေမှ ကျခံရမည်။ ယင်းကုန်ကျစရိတ်များကို သုံးစွဲရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန် ဖြစ်သည်။

၁၁။ ကော်မရှင်သည် ဤလုပ်ထုံးလုပ်နည်းများကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သော အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်သော်လည်းကောင်း၊ ဖြည့်စွက်ရန်သော်လည်းကောင်း လိုအပ်ပါက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အမိန့်အရ

(ပုံ) သီဟသူရ တင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၁/၂၀၀၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**
**(ကြေညာချက်အမှတ် ၁ / ၂၀၀၇)**

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

## နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း

သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူးအခါသမယဖြစ်ပါသည်။ ထိုနှစ်သစ်ကူးအခါသမယတွင် မြန်မာ့ရိုးရာ ရေပက်ဖြန်းကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများပြုလုပ်ခြင်း စသည်တို့ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန် အလို့ငှာ နှစ်စဉ် သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ (၁၀) ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

(ပုံ)သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၂/၂၀၀၇)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# (ကြေညာချက် အမှတ် ၂ /၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အမျိုးသားညီလာခံနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံကြိုဆိုပွဲ အခမ်းအနားများ ကျင်းပ၍ ပြည်နယ်နှင့်တိုင်းအလိုက် ပြည်သူလူထုတစ်ရပ်လုံးက အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် ထောက်ခံအားပေးလျက်ရှိကြပါသည်။

၂။ ထိုသို့ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံအားပေးမှုကို လေးစားသောအားဖြင့်သော်လည်းကောင်း၊ ပြည်သူလူထု၏ ဆန္ဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးတို့အား ထင်ဟပ်အကောင်အထည်ဖော်သည့်အနေဖြင့်

သော်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အနက် တတိယအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရန်အတွက် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်" ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် –

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်

(၁) ဦးအောင်တိုး (B.A, B.L) — ဥက္ကဋ္ဌ
တရားသူကြီးချုပ်
တရားရုံးချုပ်
နေပြည်တော်

(၂) ဦးအေးမောင် (B.A, B.L) — ဒုတိယဥက္ကဋ္ဌ
ရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၃) ဦးသောင်းညွန့် (B.Sc, B.L) — အဖွဲ့ဝင်
ဥပဒေအကြံပေးပုဂ္ဂိုလ်
ရန်ကုန်မြို့

(၄) ဗိုလ်မှူးချုပ်ကျော်ဆန်း — အဖွဲ့ဝင်
[ B.Sc (D.S.A), Diploma in Defence and Security ]
ဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်

(၅) ဗိုလ်ချုပ်ခင်အောင်မြင့် အဖွဲ့ဝင်
[ B.A , Diploma in Defence and Security ]
ဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန
နေပြည်တော်

(၆) ဗိုလ်ချုပ်စိုးမောင် အဖွဲ့ဝင်
[ B.Sc (D.S.A), H.G.P, M.A (Defence Studies) ]
စစ်ဥပဒေချုပ်
ကာကွယ်ရေးဝန်ကြီးဌာန
နေပြည်တော်

(၇) ဒေါက်တာသန်းညွန့် အဖွဲ့ဝင်
[ B.A (Hons), M.Sc (Econ) (London),
Ph.D (Cambridge) ]
ဥက္ကဋ္ဌ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
နေပြည်တော်

(၈) ဒေါက်တာထွန်းရှင် အဖွဲ့ဝင်
[ B.A , LL.B (Ygn:), M.A Business Law (London),
LL.D, Intl Law (Ghent, Belgium), F.R.G.S (London),
A.M.R.Ae.s (London), Dip.Intl. Law (London)]
ဒုတိယရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၉) ဦးထွန်းထွန်းဦး အဖွဲ့ဝင်
[B.A (Law), LL.B, M.A (Defence Studies)]
ဒုတိယရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၁၀) ဦးသိန်းစိုး [B.Sc (D.S.A), RL] အဖွဲ့ဝင်
ဒုတိယတရားသူကြီးချုပ်
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၁) ဦးထွန်းထွန်းဦး [B.A (Law), LL.B] အဖွဲ့ဝင်
ဒုတိယတရားသူကြီးချုပ်
တရားရုံးချုပ်
နေပြည်တော်

(၁၂) ဒေါက်တာတင်အောင်အေး အဖွဲ့ဝင်
[B.Sc, B.L, LL.M (Germany), LL.D (Germany)]
တရားရုံးချုပ်တရားသူကြီး
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၃) ဦးတင်အေး (B.A, H.G P, RL) အဖွဲ့ဝင်
တရားရုံးချုပ်တရားသူကြီး
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၄) ဒေါက်တာခင်မောင်ညွန့် အဖွဲ့ဝင်
[B.A, M.A (Modern Hist), Ph.D (London)]
အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့
ရန်ကုန်မြို့

(၁၅) ဦးထွန်းအောင်ချိန် [B.A, M.A (Hist) (USA)] အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာသမိုင်းအဖွဲ့
ရန်ကုန်မြို့

(၁၆) ဒေါက်တာမောင်မောင်ဝင့် အဖွဲ့ဝင်
[M.B.B.S, MRCP (UK), FRCP (Edin)
Dr.Med. Sc. (Int.Med)]
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆေးသိပ္ပံပညာဦးစီးဌာန
စာပေညွှန်ကြားရေးမှူး
တပ်မတော်ဆေးတက္ကသိုလ်
ကာကွယ်ရေးဝန်ကြီးဌာန
ရန်ကုန်မြို့

(၁၇) ဦးကျော်မြင့်ဦး အဖွဲ့ဝင်
[B.Sc, M.Sc, UNDP, Certificate in Environmental
Toxicology and Pollution Control Management]
ပါမောက္ခချုပ် (ငြိမ်း)
ဒဂုံတက္ကသိုလ်
ရန်ကုန်မြို့

(၁၈) ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) အဖွဲ့ဝင်
[ B.A (Law), LL.B,H.G.P]
စာရေးဆရာ
တရားရုံးချုပ်ရှေ့နေ
အယ်ဒီတာချုပ် (ငြိမ်း)
ရန်ကုန်မြို့

(၁၉) ဒေါက်တာစိုးရင် အဖွဲ့ဝင်
[ B.Sc (Hons), M.Sc (UK), Ph.D (Italy) ]
ပါမောက္ခချုပ် (ငြိမ်း)
ရန်ကုန်တက္ကသိုလ်
အဖွဲ့ဝင်
ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့

(၂၀) ဦးလေးမြင့် အဖွဲ့ဝင်
[ M.A (Philo), H.G.P, RL, D.B.L, D.I.L ]
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး
ရန်ကုန်မြို့

(၂၁) ဒေါက်တာမျိုးသန့်တင် အဖွဲ့ဝင်
[ B.E (Chemical), M.Sc (Chem, Eng), Ph.D (Loughborough, England) ]
အဖွဲ့ဝင်
ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့

(၂၂) ဒေါက်တာမြင့်သိန်း အဖွဲ့ဝင်
[ B.Sc, B.Sc (Hons), M.Sc, BL,
MA (USA), Ph.D (USA)]

ဉက္ကဋ္ဌ
မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်
ရေလုပ်ငန်းပညာရှင်အဖွဲ့
ရန်ကုန်မြို့

(၂၃) ဒေါက်တာသာလှရွှေ အဖွဲ့ဝင်
[ M.B.B.S, DPTM, DCMT (UK), M.S. Ed (USA)
Dr. Med.Sc]
ပါမောက္ခချုပ် (ငြိမ်း)၊ ဆေးတက္ကသိုလ် (၂)
ဉက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း
ရန်ကုန်မြို့

(၂၄) ဒေါက်တာနီလာသိန်း အဖွဲ့ဝင်
[ B.Sc (Chem;) (Hons;), M.Sc (CS), Ph.D (Singapore) ]
ပါမောက္ခချုပ်
ကွန်ပျူတာတက္ကသိုလ်
ရန်ကုန်မြို့

(၂၅) ဦးတီခွန်မြတ် [ B.A (Law), LL.B ] အဖွဲ့ဝင်
ဉပဒေအရာရှိ
ကွတ်ခိုင်မြို့

(၂၆) ဒေါက်တာခင်ဇော် အဖွဲ့ဝင်
[ B.A (Ed), B.Ed, Ph.D (Moscow)]
ပါမောက္ခချုပ် (ငြိမ်း)
ရန်ကုန်ပညာရေးတက္ကသိုလ်
ရန်ကုန်မြို့

(၂၇) ဦးသန်းကျော် [ B.A (Law), LL.B ] အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
ရွှေနေချုပ်ရုံး
ရန်ကုန်မြို့

(၂၈) ဒေါက်တာဒေါ်တင်မေထွန်း အဖွဲ့ဝင်
[ Ph.D (Myanmar) (International Law) ]
ပါမောက္ခ (ဌာနမှူး)၊ ဥပဒေပညာဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်
ရန်ကုန်မြို့

(၂၉) ဒေါက်တာဒေါ်ခင်မာရီ အဖွဲ့ဝင်
[ Ph.D (Myanmar) (Intellectual Property Law) ]
ပါမောက္ခ (ဌာနမှူး)၊ ဥပဒေပညာဌာန
ရန်ကုန်တက္ကသိုလ်
ရန်ကုန်မြို့

(၃၀) ဦးစံလွင် [ B.A (D.S.A) ] အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
မြန်မာစာအဖွဲ့ဦးစီးဌာန
ရန်ကုန်မြို့

(၃၁) ဒေါက်တာဒေါ်ခင်ဖုန်းမြင့်ကြူ အဖွဲ့ဝင်
[ Ph.D (Myanmar), (Civil Law, Family Law) ]
ပါမောက္ခ (ဌာနမှူး)၊ ဥပဒေပညာဌာန
မန္တလေးအဝေးသင်တက္ကသိုလ်
မန္တလေးမြို့

(၃၂) ဦးထွန်းအောင် [ B.A (Law), LL.B ] အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
ဖျာပုံမြို့

(၃၃) ဒေါ်မေရီမိနန် [ B.A (Law), LL.B ] အဖွဲ့ဝင်
ဥပဒေအရာရှိအဆင့် (၁)
မြစ်ကြီးနားမြို့

(၃၄) ဦးစိုင်းမောင်ရီ ( B.Com, H.G.P ) အဖွဲ့ဝင်
အထက်တန်းရှေ့နေ
ဗန်းမော်မြို့

(၃၅) ဦးအင်ဇော်နော် [ B.A (Law), LL.B ] အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ (ငြိမ်း)
မြစ်ကြီးနားမြို့

(၃၆) ဦးဒီဆင်ရမ် [ B.A (Law), LL.B ] အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
မိုးညှင်းမြို့

(၃၇) ဦးတိုးရယ် [ B.A (Law), LL.B ] အဖွဲ့ဝင်
တရားရုံးချုပ်ရှေ့နေ
လွိုင်ကော်မြို့

(၃၈) ဦးစောအောင်ကျော်မင်း (LL.B) အဖွဲ့ဝင်
အထက်တန်းရှေ့နေ
ဘားအံမြို့

(၃၉) ဦးဟောက်ခန့်မန် [ B.A (Law), LL.B ] အဖွဲ့ဝင်
ဦးစီးအရာရှိ (ငြိမ်း)
တွန်းငံမြို့

(၄၀) ဦးရှိသီး ( B.Sc, B.Ed ) အဖွဲ့ဝင်
မြို့နယ်ပညာရေးမှူး
လေရှီးမြို့

(၄၁) ဦးညွန့်တင် [ B.A (Geog;), H.G.P ] အဖွဲ့ဝင်
ပြည်နယ်တရားသူကြီး (ငြိမ်း)
မော်လမြိုင်မြို့

(၄၂) ဦးသာလှ [ B.A (Law), LL.B ] အဖွဲ့ဝင်
ဒုတိယပြည်နယ်ဥပဒေအရာရှိ (ငြိမ်း)
စစ်တွေမြို့

(၄၃) ဦးစိုင်းခမ်းမှတ် ( B.A , H.G.P ) အဖွဲ့ဝင်
အထက်တန်းရှေ့နေ
လားရှိုးမြို့

(၄၄) ဦးညွန့်မောင် [ B.Sc (Zoo) ] အဖွဲ့ဝင်
ကုန်သည်
နမ့်စန်မြို့

(၄၅) ဦးဆိုင်ပေါင်းနပ် ( B.A, H.G.P ) အဖွဲ့ဝင်
အထက်တန်းရှေ့နေ
လားရှိုးမြို့

(၄၆) ဦးပီတာသောင်းစိန် ( LL.B, D.C.Sc ) အဖွဲ့ဝင်
တရားရုံးချုပ်ရှေ့နေ
ကျိုင်းတုံမြို့

(၄၇) ဦးစတီဗင် [ B.A (Geog), H.G.P] အဖွဲ့ဝင်
အထက်တန်းရှေ့နေ
ကျိုင်းတုံမြို့

(၄၈) ဦးစိုင်းကျော်ဇံ [ B.A (Law), LL.B, D.C.Sc] အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
တာချီလိတ်မြို့

(၄၉) ဦးညီနပ် [ B.Sc (Phy:) ] အဖွဲ့ဝင်
ကုန်သည်
တာချီလိတ်မြို့

(၅၀) ဦးစိုင်းတင့်ဆိုင် [ B.A (Law), LL.B] အဖွဲ့ဝင်
ဗဟိုတရားရုံးရှေ့နေ
တောင်ကြီးမြို့

(၅၁) ဦးခွန်ဆန်းရွှေ ( LL.B ) အဖွဲ့ဝင်
ကုန်သည်
တောင်ကြီးမြို့

(၅၂) ဦးငွေစိုး ( LL.B ) အဖွဲ့ဝင်
ကုန်သည်
ပင်းတယမြို့

(၅၃) ဒေါက်တာသောင်းမြင့် အတွင်းရေးမှူး
[ M.B.B.S, M.Sc (Forensic Medicine), GDR ]
ပါမောက္ခ (ဌာနမှူး) (ငြိမ်း)
ဥပဒေရေးရာဆေးပညာဌာန
ဆေးတက္ကသိုလ် (မန္တလေး)
အကြံပေးပုဂ္ဂိုလ်
ကျန်းမာရေးဝန်ကြီးဌာန
နေပြည်တော်

(၅၄) ဦးဝင်းကို ( LL.B, LL.M ) တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်ရုံး
ရန်ကုန်မြို့

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၃/၂၀၀၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

(ကြေညာချက် အမှတ် ၃ /၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

**နိုင်ငံတော်ဝန်ကြီးချုပ်ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၄/၂၀၀၇)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# (ကြေညာချက် အမှတ် ၄ /၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
## အတွင်းရေးမှူး(၁) ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယ ဗိုလ်ချုပ်ကြီးသိဟသူရတင်အောင်မြင့်ဦးအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ပြည်သူ့လွှတ်တော်
စာအမှတ်……………
ရက်စွဲ……………
မော်ကွန်းနှင့်စာကြည့်တိုက်